http://www.dhammadownload.com

ဓမ္မဒါနကုသိုလ်ရှင်


နတ်လူသာဓု ခေါ်စေသော်

အောင်ဇမ္ဗူ ပုံနှိပ်လုပ်ငန်း
အမှတ်(၁၅၂)၊ (၂၂)လမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၁-၃၈၄၁၉၃၊ ၀၉-၅၁၄၆၀၉၅

http://www.dhammadownload.com

အဂ္ဂမဟာပဏ္ဍိတ
အရှင်နန္ဒမာလာဘိဝံသ (Ph.D)

# မင်္ဂလသုတ် အနှစ်ချုပ်



http://www.dhammadownload.com

Lotus Group

စပ္ပဒါန်

Ma Clit

ဒေါက်တာ အရှင်နန္ဒမာလာဘိဝံသ

# မင်္ဂလသုတ် အနှစ်ချုပ်

http://www.dhammadownload.com

# မှတ်တမ်း

၂၀၁၀ ခုနှစ်၊ ဇန်နဝါရီလ (၄)ရက်နေ့တွင် ရန်ကုန်တိုင်း၊ သံလျင်မြို့နယ်၊ အမှုထမ်းရပ်ကွက်၊ ဓမ္မဝိဇ္ဇာလယ သုဗောဓာရုံကျောင်း ဘုရားဆောင် ဂန္ဓကုဋီကျောင်း ရေစက်ချပွဲ၌ ဟောကြားအပ်သော **'ပဂ်လသုတ် အနှစ်ချုပ်'** တရားဒေသနာတော်။

http://www.dhammadownload.com

# မင်္ဂလသုတ် အနှစ်ချုပ်

ငယ်စဉ်တောင်ကြေး ကလေးအရွယ်မှာ ဗုဒ္ဓဘာသာဝင် သူတော်စင်တွေဟာ မင်္ဂလသုတ်က စပြီး ကျက်မှတ်ကြတယ်။ ဘုန်းကြီးတို့လည်း ဘုန်းကြီးကျောင်းရောက်တဲ့ အချိန်ကနေစပြီး **"ယံမင်္ဂလံ"** ဆိုတာက စပြီး မင်္ဂလသုတ်ကို ကျက်မှတ်ခဲ့တယ်။ သို့သော် ဒီ မင်္ဂလသုတ်ဟာ စာပေအရ လေ့လာထားကြသော်လည်း မိမိတို့ရဲ့ လက်တွေ့ဘဝနဲ့ အလှမ်းကွာနေသလို ဖြစ်တယ်။

ဒါကြောင့်မို့ ဒီကနေ့ မိမိတို့ လက်တွေ့ဘဝမှာ မင်္ဂလသုတ်အတိုင်း မည်သို့မည်ပုံ ကျင့်ကြံနေထိုင်ကြမယ်ဆိုတာ သိရအောင် **'မင်္ဂလသုတ်'** ကို လွယ်ကူရှင်းလင်းစွာ အားလုံး လက်တွေ့ အသုံးချနိုင်အောင်၊

http://www.dhammadownload.com



မင်္ဂလာလမ်းမပေါ်မှာ လူတိုင်း လျှောက်လှမ်းနိုင်အောင် လက်တွေ့ဘဝနဲ့စပ်ဟပ်ပြီး **'မင်္ဂလသုတ် အနှစ်ချုပ်'** ကို ဟောကြားမှာ ဖြစ်ပါတယ်။

ဘုန်းကြီးတို့တစ်တွေ ကုသိုလ်ကံရဲ့ ထောက်ပံ့မှုကြောင့် လူ့ဘဝကို ရောက်ရှိလာကြပြီ။ မြတ်စွာဘုရားက လူ့ဘဝရရှိလာလို့ရှိရင် အရေးကြီးဆုံးက ဘာလဲဆိုတာ မင်္ဂလသုတ်မှာ အစဉ်တိုင်း ဟောထားတယ်။ တစ်ခုနဲ့တစ်ခု ဆက်စပ်ယှူလို့ရပါတယ်။

## အပေါင်းအသင်း

လူ့ဘဝ ရောက်လာတဲ့အခါမှာ အရေးကြီးဆုံးကတော့ အပေါင်းအသင်းပဲ။ လူဆိုတာ ဘဝခရီး လျှောက်လှမ်းတဲ့အခါမှာ တစ်ယောက်တည်း လျှောက်လှမ်းတာ မဟုတ်ဘူး။ လူ့ဘဝရောက်လာကတည်းက မိသားစုဆိုတဲ့ အသိုင်းအဝိုင်းထဲ ရောက်လာတာဖြစ်တယ်။ မိသားစု အသိုင်းအဝိုင်းဆိုတာ လူတွေရဲ့ Society မှာ အသေးဆုံးပေါ့။ Family Society အသေးဆုံး အသိုင်းအဝိုင်းလေး တစ်ခုပဲ။ လူဟာ

http://www.dhammadownload.com



အပေါင်းအသင်းနဲ့နေတတ်တဲ့ သတ္တဝါလို့ ဆိုကြတယ်။ လူတင်မကပါဘူး၊ တခြား သတ္တဝါတွေဟာလည်းပဲ အပေါင်းအသင်းနဲ့ နေကြတာချည်းပါပဲ။

အဲဒီတော့ လူတွေရဲ့ထူးခြားမှုဟာ ဘာတုန်းဆိုရင် လူဟာ အသိဉာဏ်ရှိတဲ့ပုဂ္ဂိုလ် ဖြစ်တယ်။ လူ့ဘဝမှာ အရေးကြီးဆုံးက ဘာတုန်းဆို အပေါင်းအသင်းပဲ ဖြစ်တယ်တဲ့။

အပေါင်းအသင်းဆိုတဲ့နေရာမှာ ကံက ပေးလိုက်လို့ ပေါင်းသင်းနေရတဲ့ အပေါင်းအသင်းက တစ်မျိုးပေ့ါ။ ကိုယ်ကိုယ်တိုင် ရွေးချယ်ပြီး ပေါင်းသင်းတာက တစ်မျိုးပေ့ါ။ တချို့ကျတော့ ကံက ပေးလိုက်သည့် အပေါင်းအသင်း၊ အသိုင်းအဝိုင်းကြားထဲမှာ ရောက်သွားတယ်။ ဆိုပါစို့၊ အယူဝါဒမတူ ကွဲပြားတဲ့ အုပ်စုတစ်ခုထဲမှာ ရောက်သွားပြီဆိုလို့ရှိရင် ထိုအယူဝါဒရှိတဲ့ အသိုင်းအဝိုင်းတွေရဲ့ ယုံကြည်ချက်အတိုင်း ဘဝခရီးမှာ လျှောက်နေကြရတယ်။ ဒီကနေ့ ကမ္ဘာမှာရှိကြတဲ့ လူတွေကိုကြည့်ပေ့ါ။ လူမျိုးအသီးသီးမှာ အယူအဆ အမျိုးမျိုး၊ ပေါင်းသင်းဆက်ဆံမှုတွေ အမျိုးမျိုး ရှိကြ

http://www.dhammadownload.com



တယ်။ အဲဒီကြားထဲသွားပြီး လူဖြစ်လို့ရှိရင် ဆိုင်ရာ အသိုင်းအဝိုင်းအလိုက် အတွေးအခေါ်တွေ အမျိုးမျိုး၊ ပုံစံအမျိုးမျိုးနဲ့ နေကြရတယ်။ ကိုယ့်ရဲ့လုပ်ဆောင်ချက်တွေကြောင့်မို့ ကောင်းကျိုး ချမ်းသာတွေ ရကြတာရှိသလို မကောင်းတဲ့အကျိုးတွေ ခံစားကြရတာလည်း ရှိတာပေါ့။

ဘုန်းကြီးတို့ သီရိလင်္ကာမှာ နေခဲ့ဖူးတယ်။ သီဟိုဠ်နိုင်ငံဆိုတာ ဒီကနေ့ လူဦးရေသန်း(၂၀)ခန့်ရှိတယ်။ ဗုဒ္ဓဘာသာ နိုင်ငံလေးတစ်ခုပဲ။ အဲဒီ ဗုဒ္ဓဘာသာနိုင်ငံလေးမှာ လူမျိုး(၄)မျိုး ခွဲခြား သတ်မှတ်ထားတယ်။ အများဆုံးကတော့ ဆင်ဟာလီလူမျိုး ဖြစ်တယ်။ ဆင်ဟာလီလူမျိုးကို ဗမာတွေကတော့ သီဟိုဠ်လူမျိုးလို့ ခေါ်တာပေါ့။ အသံထွက်လေးပဲ ကွာတာ။ ဆင်ဟာလီလူမျိုး ရှိတယ်၊ မွတ်ဆလင် ရှိတယ်၊ ဘာဂါဆိုတာ ရှိတယ်၊ တမီ ရှိတယ်။ လူမျိုး(၄)မျိုး ရှိတယ်။ Officially အသိအမှတ်ပြုထားတာ (၄)မျိုး ရှိတယ်။ အဲဒီမှာ ဒီစာရင်းထဲမှာမဝင်တဲ့ လူမျိုး(၁)မျိုး ရှိသေးတယ်။ ဝဲဒ လို့ခေါ်တဲ့ aborigine မူလကျွန်းနေ လူမျိုး

http://www.dhammadownload.com



လည်း ရှိသေးတယ်။ လူဦးရေ အင်မတန်နည်းတယ်။ တောတွေ တောင်တွေထဲမှာပဲ နေတယ်။ အဝတ် မဝတ်ဖူး။ တောထဲမှာပဲ ငယ်စဉ်တောင်ကြေး ကလေး ဘဝကတည်းက ဘာသင်တုန်းဆိုရင် မြားပစ်တာ သင်တယ်။ လှံထိုးတာသင်တယ်။ အကောင်တွေဖမ်းပြီး တော့ သတ်ဖြတ်နည်းတွေသင်တယ်။

လူ့ဘဝရောက်လာပြီ ဆိုလို့ရှိရင် လူဟာ မွေးလာ ကတည်းက Society တစ်ခုမှာ မွေးလာတဲ့အတွက် ကြောင့် အဲဒီ Society တစ်ခုက မကောင်းဘူး ဆိုလို့ ရှိရင် တစ်ဘဝလုံး ကောင်းနိုင်စရာအကြောင်း မရှိတော့ ဘူးလေ။ ဝဲဒ ဆိုတဲ့လူမျိုးကြားထဲမှာ သွားဖြစ်မယ် ဆိုလို့ရှိရင် ဘုန်းကြီးတို့တစ်တွေဟာ တစ်သက်လုံး တောထဲမှာ နေပြီးတော့ သတ္တဝါတွေရဲ့အသက် သတ်ဖြတ်စားသောက်လို့ မိမိဘဝ ရပ်တည်အောင် ကြိုးစားပြီး နောက်ဆုံးမှာ ဘဝတစ်ခု ပြီးဆုံးသွားကြ မှာပဲ။ ဒါက ကံကြမ္မာက ပေးလိုက်တဲ့ အသိုင်းအဝိုင်း တစ်ခုပေါ့။

http://www.dhammadownload.com



ကံကြမ္မာကပေးတာ မဟုတ်ဘဲ မိမိဘာသာ ရွေးချယ် ပေါင်းသင်းဆက်ဆံတဲ့ ပုဂ္ဂိုလ်တွေရဲ့ အကျင့်စာရိတ္တကြောင့် မကောင်းတဲ့လူနဲ့ ပေါင်းမိတဲ့အတွက် ဒုက္ခရောက်ကြတဲ့ ပုဂ္ဂိုလ်တွေလည်း ဒီကနေ့ခေတ် နေရာတိုင်းမှာ ရှိတာပဲပေါ့။

ဒါကြောင့်မို့ မင်္ဂလသုတ်မှာ '**အသေဝနာစ ဗာလာနံ ပဏ္ဍိတာနဉ္စသေဝနာ**' တဲ့။ လူ့လောက ရောက်လာပြီဆိုလို့ရှိရင် အပေါင်းအသင်းဟာ အင်မတန်မှ အရေးကြီးတယ်။ အသိုင်းအဝိုင်းဟာ အင်မတန်မှ အရေးကြီးတယ်။ ကံက ပေးလိုက်တဲ့ အသိုင်းအဝိုင်းက ရုန်းထွက်ဖို့ဆိုတာ အင်မတန်မှခဲယဉ်းပါတယ်။ သာမန်စိတ်နေစိတ်ထားနဲ့၊ သာမန်အသိဉာဏ်မျိုးနဲ့ ရုန်းထွက်နိုင်ဖို့ဆိုတာ မလွယ်ဘူး၊ တော်တော်ခဲယဉ်းပါတယ်။

အဲဒါကြောင့်မို့ မွေးကတည်းက ကောင်းတဲ့ အသိုင်းအဝိုင်းထဲရောက်ဖို့ ဘုန်းကြီးတို့တစ်တွေ ဆုတောင်းကြရမှာပဲနော်။ စိတ်နေစိတ်ထားနဲ့ ဦးတည်ချက် ထားကြရမှာပဲ။ အပေါင်းအသင်းဟာ လူ့ဘဝမှာ သိပ်အရေးကြီးတယ်တဲ့။ အရေးကြီးဆုံးက '**ဗာလ**'

http://www.dhammadownload.com



လို့ဆိုတဲ့ အသိဉာဏ်ကင်းမဲ့တဲ့ ပုဂ္ဂိုလ်တွေနဲ့ မပေါင်းသင်းမိဖို့၊ အတူမနေမိဖို့၊ မဆက်ဆံမိဖို့၊ **'ပဏ္ဍိတ'** ဆိုတဲ့ အသိဉာဏ်ရှိတဲ့ ပုဂ္ဂိုလ်တွေနဲ့ ဆက်ဆံဖို့။

**'ဗာလ'** နဲ့ ဆက်ဆံမိတဲ့ ပုဂ္ဂိုလ်တွေဟာ ဒီဘဝခရီးမှာလည်း ဒုက္ခအမျိုးစုံ ကြုံတွေ့ကြရတယ်။ ပညာရှိသူတော်ကောင်းတွေနဲ့ ဆက်ဆံမိတဲ့ ပုဂ္ဂိုလ်တွေကျတော့ ဒီဘဝမှာလည်း အေးချမ်းတယ်၊ နောင်ဘဝမှာလည်း ချမ်းသာသုခရတယ်။ အကျိုးတွေဟာ အင်မတန်မှ ထင်ရှားတယ်။

**'ဗာလ ပဏ္ဍိတ'** ဆိုတာ ဘယ်လိုပုဂ္ဂိုလ်မျိုးကို ခေါ်တာလဲဆိုတော့ မြတ်စွာဘုရားက မကောင်းတာတွေး၊ မကောင်းတာပြော၊ မကောင်းတာလုပ်တဲ့ ပုဂ္ဂိုလ်တွေကို **'ဗာလ'** လို့ သတ်မှတ်တယ်။ ကောင်းတာတွေး၊ ကောင်းတာပြော၊ ကောင်းတာလုပ်တဲ့ ပုဂ္ဂိုလ်ကို **'ပဏ္ဍိတ'** လို့ သတ်မှတ်တယ်။

ကောင်းမကောင်းဆိုတာကျတော့ ဘာနဲ့ဆုံးဖြတ်သလဲ။ ကိုယ်ကြိုက်ရင် ကောင်းတဲ့အကောင်းဟာ အကောင်းလားဆိုတော့ အဲဒီလို မဟုတ်ဘူး၊ ကိုယ်

http://www.dhammadownload.com



ကြိုက်တာ မကြိုက်တာနဲ့ မဆုံးဖြတ်ရဘူး။ အဲဒီတော့ တစ်ဖက်သားကို ညှဉ်းပမ်းနှိပ်စက်လိုတဲ့ အတွေးမျိုး၊ ကိုယ့်ကိုကိုယ် ထိခိုက်နစ်နာစေလိုတဲ့ အတွေးမျိုး၊ လောကကြီးကို အကျိုးမပြုတဲ့ အတွေးမျိုး၊ လောကကြီး ပျက်စီးစေလိုတဲ့ အတွေးမျိုး၊ အပြောမျိုး၊ အလုပ် အကိုင်မျိုးတွေဟာ မကောင်းဘူးလို့ သတ်မှတ်ရမယ်။

အများအတွက် အကျိုးဖြစ်တဲ့အတွေး၊ အများ အတွက် အကျိုးဖြစ်တဲ့ အပြော၊ အများအတွက် အကျိုး ဖြစ်တဲ့အလုပ် ဒါတွေဟာ ကောင်းတယ်လို့ သတ်မှတ် ရမယ်။ အဲဒီလို လူ့လောက ရောက်လာပြီ ဆိုလို့ရှိရင် နံပါတ်(၁) ပေါင်းသင်းဆက်ဆံရမယ့်သူကို ရွေးချယ် ရတယ်။ ဘဝမှာ ပေါင်းသင်းဆက်ဆံရေးနဲ့ ပတ်သက် ပြီးတော့ ရွေးချယ်ဖို့ လိုအပ်တယ်လို့ မြတ်စွာဘုရားက ပထမဆုံး မင်္ဂလာခရီးကို စတင်လျှောက်လှမ်းဖို့ရာ အတွက် ဒါကို ဦးစွာဟောတာ။

အဲဒီတော့ ပေါင်းသင်းဆက်ဆံဖို့ရာ အရေးကြီး တယ်။ ပေါင်းသင်းဆက်ဆံပြီးတဲ့အခါမှာ လူတွေရဲ့ Society မှာ နေတဲ့အခါမှာ ဘာလုပ်ဖို့ လိုအပ်သလဲ

http://www.dhammadownload.com



ဆိုရင် 'ပူဇာ စ ပူဇနေယျာနံ' အလေးပေး ရိုသေလေးစားထိုက်တဲ့ ပုဂ္ဂိုလ်တွေကို ရိုသေလေးစားရမယ်လို့ ဆိုလိုတယ်။

ပူဇော်တယ်ဆိုတဲ့ စကားလုံးဟာ ပါဠိကလာတယ်ဆိုတော့ လူတွေကနားလည်ကြတာ ပန်းနဲ့ပူဇော်တယ်တို့ ဘာတို့ ဒါတွေမျိုး အလှူဝတ္ထုနဲ့ ပူဇော်တယ်လို့ ဒါကို ပူဇော်တယ်လို့ နားလည်ကြတာ။ ပူဇော်တယ်ဆိုတာ မြတ်နိုးတယ်၊ အရိုအသေပေးတယ်၊ လေးစားတယ်၊ ဒါမျိုးတွေဟာလည်း ပူဇော်တယ်လို့ ခေါ်တာပဲ။ စိတ်ထဲက အလေးအမြတ်ထားတယ်။ အဲဒီလို လောကမှာ ပူဇော်ထိုက်သူကို ပူဇော်ခြင်းဖြင့် ကိုယ့်မှာ အသိဉာဏ်တွေ တိုးပွားစေတယ်။

ဒါကြောင့်မို့ ဘဝမှာ နံပါတ်(၁) ရှောင်ရှားရမှာက အပေါင်းအသင်း။ အပေါင်းအသင်း ရွေးချယ်ပြီးတဲ့အခါမှာ ကိုယ့်အသိုင်းအဝိုင်းထဲမှာ ပူဇော်ထိုက်တဲ့၊ လေးစားထိုက်တဲ့ ပုဂ္ဂိုလ်တွေကို လေးစားပေးဖို့ဆိုတာဟာ နံပါတ်(၂)ဖြစ်တယ်။

http://www.dhammadownload.com



ဒါဖြင့် လူ့လောကမှာရောက်ပြီး ကြီးပွားတိုးတက်အောင်လုပ်ဖို့ မကောင်းတဲ့ ပုဂ္ဂိုလ်တွေကို ရှောင်၊ ကောင်းတဲ့ ပုဂ္ဂိုလ်တွေကို ပေါင်းသင်းပြီး ပူဇော်ထိုက်တဲ့ ပုဂ္ဂိုလ်တွေကို ပူဇော်ရုံ ဒီလိုအလုပ်တွေ လုပ်ဖို့ဆိုတာ ဘယ်နေရာ လိုအပ်သလဲ? မြတ်စွာဘုရားက ဒီလိုအလုပ်တွေလုပ်ဖို့ အကောင်းအဆိုး ရွေးချယ်တတ်ဖို့အတွက် ဘာက အရေးကြီးလာပြန်တုန်းဆိုတော့ '**ပတိရူပဒေသဝါသ**' တဲ့။ သင့်တင့်လျောက်ပတ်တဲ့ အရပ်မှာနေဖို့၊ ဗမာစကားမှာလည်း ရှိတယ်နော်။ တစ်ရွာမပြောင်း သူကောင်းမဖြစ်ဆိုတဲ့ စကားရှိတယ်။ သူက အတွေ့အကြုံ၊ အမြင်အယူအဆ၊ ပညာဗဟုသုတဆိုတာ တစ်နေရာနဲ့တစ်နေရာ မတူတတ်ဘူး။ တစ်နေရာနဲ့ တစ်နေရာ ပြောင်းလိုက်တဲ့အခါကိုယ့်မှာ အတွေ့အကြုံအသစ်တွေရတယ်။ အသိဉာဏ်ဗဟုသုတတွေ အသစ်ရလာတယ်။ တစ်ခုနဲ့တစ်ခုယှဉ်စရာတွေ ရလာတဲ့အတွက်ကြောင့် ဘယ်ဟာကပိုကောင်းတယ်၊ ဘယ်ဟာက ညံ့တယ်ဆိုတာကိုနှိုင်းယှဉ်တတ်လာတယ်ပေါ့။ တစ်နေရာတည်းမှာဆို

http://www.dhammadownload.com



နိူင်းယှဉ်မှု မရှိဘူးပေါ့။ ဒါကြောင့်မို့ အကြောင်းအကျိုး အဆိုးအကောင်းကို သိဖို့ရာအတွက် **'ပတိရူပဒေသဝါသ'** နေရာရွေးချယ်ပြီးနေဖို့ လိုအပ်တယ်။

နေရာရွေးချယ်ရမယ်ဆိုတာ ဘယ်လိုမျိုးရွေးချယ်ရတယ်လို့ဆိုရင် ကိုယ့်ရဲ့ ရည်ရွယ်ချက်အတိုင်းပဲ။ ပညာရေး တိုးတက်ဖို့အတွက် ရွေးချယ်မှာလား၊ စီးပွားရေးအတွက် ရွေးချယ်မှာလား၊ ကျန်းမာရေးအတွက် ရွေးချယ်မှာလား။ ဆိုင်ရာဆိုင်ရာ သူတော်ကောင်း တရားတွေကို ကျင့်ကြံကြိုးကုတ် အားထုတ်ပြီးတော့ နိဗ္ဗာန်ချမ်းသာရဖို့ရန်နေရာအတွက် ရွေးချယ်မှာလားလို့ဆိုတာ သူ့နေရာနဲ့သူ ရွေးချယ်ဖို့ လိုအပ်တယ်။

ကျန်းမာရေးအတွက် ဆိုလို့ရှိရင် ဆေးရုံတို့၊ ဆေးကုမယ့်ဆရာတို့၊ ရာသီဥတုကောင်းတဲ့ နေရာတို့ ဒါမျိုးရွေးချယ်ပြီးတော့ နေကြရမှာ။ ကြီးပွားတိုးတက်လိုတဲ့ ပုဂ္ဂိုလ်တွေ၊ ပညာရေးအတွက် ဆိုလို့ရှိရင် ဆရာကောင်း၊ သမားကောင်း ပုဂ္ဂိုလ်ရှိတဲ့ နေရာဌာနတို့၊ ကျောင်းရှိတဲ့ နေရာဌာနတို့၊ ပညာသင်လို့ရတဲ့နေရာ

http://www.dhammadownload.com



မျိုးတို့ ရွေးချယ်ပြီးတော့နေကြရတယ်။ အဲဒီလို ရွေးချယ်ပြီးတော့ နေနိုင်တဲ့ပုဂ္ဂိုလ်တွေဟာ လောကမှာ ကြီးပွားတိုးတက်သွားတာတွေ အများကြီးပဲရှိတယ်။ မရွေးချယ်ဘဲနဲ့ ကျရာအတိုင်းပဲနေကြတဲ့ ပုဂ္ဂိုလ်တွေက ကြီးပွားတိုးတက်မှု အားနည်းသွားတယ်။

ဒါကြောင့်မို့ မြတ်စွာဘုရားက နေရာဒေသကို ရွေးချယ်ရမယ်တဲ့။ ကိုယ်နဲ့ သင့်တင့်လျောက်ပတ်တဲ့ နေရာကို ရွေးချယ်ရမယ်။ အဲဒီတော့ ပညာရေးအတွက် ရွေးချယ်တယ်၊ စီးပွားရေးအတွက် ရွေးချယ်တယ် ဆိုလို့ရှိရင်လည်း စီးပွားရေးလုပ်လို့ကောင်းမယ့် နေရာမျိုး ရွေးချယ်ပြီး ရွှေ့ပြောင်းပြီးတော့ နေထိုင်ကြရမယ်။

သူတော်ကောင်းတရား ကျင့်ကြံကြိုးကုတ် အားထုတ်ဖို့ ဆိုလို့ရှိရင် တရားဓမ္မဟောပြောနိုင်တဲ့ပုဂ္ဂိုလ်တို့၊ တရားအားထုတ်ခွင့်ရတဲ့ နေရာမျိုးတို့၊ တရားလိုက်စားလို့ရမယ့် နေရာမျိုးတို့၊ ဒီလိုဟာမျိုး ရွေးချယ်နေရမယ်။ အဲဒါကို ဆိုလိုတယ်။ မြတ်စွာဘုရားက **'ပတိရူပဒေသဝါသ'** အဲဒီလို ရွေးချယ်ပေမယ့်လို့ လောကမှာ လူတွေဟာ အရေးကြီးဆုံးက ဘာလဲဆိုရင်

http://www.dhammadownload.com



ကုသိုလ်ကောင်းမှုလုပ်ခဲ့တဲ့ပုဂ္ဂိုလ် ဖြစ်ဖို့က အင်မတန်မှ အရေးကြီးတယ်။ ဒီလို ရွေးချယ်ဖို့ဆိုတာ ကုသိုလ်ကောင်းမှုလုပ်ခဲ့တဲ့ပုဂ္ဂိုလ် မဟုတ်ဘူးဆိုရင်လည်း အခွင့်မသာပြန်ဘူး။ ဒါကြောင့်မို့ **'ပုဗ္ဗေစ ကတပုညတာ'** လို့ မြတ်စွာဘုရားက ဆက်ဟောတာ။

ကုသိုလ်ကောင်းမှုလုပ်ခဲ့တဲ့ပုဂ္ဂိုလ်ကျတော့ သူများထက်လည်း အသိဉာဏ်ရှိတယ်ပေါ့။ အခြေအနေကောင်းတွေနဲ့လည်း ကြုံရတတ်တယ်ပေါ့။ ဒါကြောင့်မို့လို့ **'ပုဗ္ဗေစ ကတပုညတာ'** ကုသိုလ်ကောင်းမှု ရှိခဲ့တဲ့ပုဂ္ဂိုလ်ဖြစ်ဖို့ လိုအပ်တယ်။ အဲဒီလိုရှိခဲ့တဲ့ပုဂ္ဂိုလ် ဖြစ်မှလည်းပဲ လောကကြီးမှာ ကြီးပွားတိုးတက်မှုဟာ အပြည့်အဝ ရနိုင်မယ်ပေါ့။

**'ပုဗ္ဗေစ ကတပုညတာ'** ရှိလာပြီးတဲ့နောက်မှာ အရေးကြီးဆုံး နောက်ထပ်ရှိရမယ့် မင်္ဂလာတစ်ခုက ဘာလဲဆိုရင် **'အတ္တသမ္မာပဏိဓိ'** တဲ့။ ကိုယ့်ကိုယ်ကို ကောင်းအောင်ထားနိုင်ဖို့၊ ကိုယ့်စိတ်လေးကို ပြုပြင်ပေးမှု၊ ဒါက အင်မတန်မှ အရေးကြီးတယ်။

http://www.dhammadownload.com



မြတ်စွာဘုရားက စက်(၄)ပါးဆိုပြီး ဟောတာ ရှိတယ်။ လောကမှာ ကြီးပွားတိုးတက်ဖို့အတွက် စက် (၄)မျိုး ရှိတယ်တဲ့။ စက်(၄)မျိုးဆိုတာ ဘာလဲဆိုရင် စက်ဆိုတာ ဒီနေရာမှာ တစ်ခုနဲ့တစ်ခု ဆက်စပ်ပြီး တော့ လည်ပတ်သွားတာ စက်လို့ခေါ်တာပါ။ နံပါတ် (၁)က **'ပတိရူပ ဒေသဝါသ'** သင့်တင့်လျော်ပတ် ကောင်းမြတ်တဲ့ အရပ်မှာနေခြင်း။ နံပါတ်(၂) က **'သပ္ပုရိသူပနိဿယ'** လူတော်လူကောင်းနှင့် ပေါင်းမိ ခြင်း။ နံပါတ်(၃)က **'အတ္တသမ္မာပဏိဓိ'** ကိုယ့်ကိုယ်ကို ပြုပြင်ပြီးတော့ ကြိုးစားအားထုတ်ခြင်း။ နံပါတ်(၄)က **'ပုဗ္ဗေစ ကတပုညတာ'** ရှေးက ကောင်းမှုရှိသူဖြစ်ခြင်း၊

ကုသိုလ်ကောင်းမှုလုပ်ခဲ့တဲ့ ပုဂ္ဂိုလ်ဟာ ကုသိုလ် ကောင်းမှုရှိပြီ ဆိုလို့ရှိရင် သင့်တင့်လျော်ပတ်တဲ့ နေရာကိုရောက်တယ်။ သင့်တင့်လျော်ပတ်တဲ့ နေရာ ကို ရောက်တဲ့ ပုဂ္ဂိုလ်ဟာ သူတော်ကောင်းနဲ့တွေ့တယ်။ သူတော်ကောင်းနဲ့တွေ့တဲ့ ပုဂ္ဂိုလ်ဟာ ကိုယ့်ကိုယ်ကို ပြုပြင်ပြောင်းလဲပြီးတော့ နေတတ် ထိုင်တတ်လာ တယ်။ အဲဒီလို ပြုပြင်ထိန်းသိမ်းပြီးတော့ နေတတ်

http://www.dhammadownload.com



လာတယ်ဆိုရင် ကုသိုလ်ကောင်းမှုကို တစ်ခါဆက်လုပ် ပြန်တယ်။ လုပ်တဲ့အတွက်ကြောင့် **'ပတိရူပဒေသ'** ကို ရောက်ပြန် တယ်။ **'ပတိရူပဒေသ'** ရောက်ရင် သူတော် ကောင်းနဲ့ တွေ့ပြန်တယ်။ **'အတ္တသမ္မာပဏိဓိ'** ဆိုတဲ့ ကိုယ့်ကိုယ်ကို ကောင်းအောင် ထားတတ်သွားတယ်။ မင်္ဂလာ တရားတော်ကို တစ်ခုနဲ့တစ်ခု ဆက်စပ်ပြီး မြတ်စွာဘုရားက ဟောသွားတာပါ။

ဘဝခရီးလျှောက်ပြီ ဆိုကတည်းက တို့တစ်တွေ နေတဲ့ထိုင်တဲ့နေရာဟာ တို့နဲ့ **ပတိရူပ** ဖြစ်ရဲ့လား ဆင်ခြင်စဉ်းစားရမယ်နော်။ **ပတိရူပ** ဖြစ်ပြီဆိုရင် **ပတိရူပ** ဖြစ်ရုံနဲ့ လုံလောက်ပြီလားဆိုရင် မလုံလောက် ဘူး။ ဘာလုပ်ဖို့လိုလဲဆိုရင် ကိုယ့်အပေါ်မှာ မူတည် တာက **'အတ္တသမ္မာပဏိဓိ'** တဲ့။ ကိုယ့်ကိုယ်ကို ကောင်း အောင်ထား။

ကိုယ့်ကိုယ်ကို ကောင်းအောင်ထားတယ် ဆိုတဲ့ အဓိပ္ပာယ်ဟာ ဘာလဲဆိုရင် ကိုယ့်မှာ ငါးပါးသီလ မပြည့်စုံသေးဘူးဆိုရင် ပြည့်စုံအောင် လေ့ကျင့်ပါ။ သဒ္ဓါစွမ်းအားတွေ နည်းနေသေးတယ်ဆိုရင် သဒ္ဓါ

http://www.dhammadownload.com



စွမ်းအားတွေ ပြည့်အောင်လုပ်မယ်။ ကိုယ်ကျင့်တရားတွေ အားလျော့နေရင် အားကောင်းလာအောင် လုပ်မယ်။ ဘာသာတရားနဲ့ပတ်သက်ပြီး ဗဟုသုတ နည်းနေမယ်ဆိုလို့ရှိရင် ဗဟုသုတ ဆည်းပူးရမယ်။ ကိုယ့်ရဲ့ အမျိုးအကျိုး ဆောင်ရွက်မှုတွေ အားပျော့နေသေးတယ် ဆိုလို့ရှိရင်လည်း ကြိုးစားအားထုတ်ကြရမယ်။ မကောင်းတဲ့ စိတ်ထားတွေ တွန်းလှန်ဖယ်ရှားဖို့၊ ကောင်းတဲ့တရားတွေကို ကြိုးစားအားထုတ်ဖို့ဆိုတဲ့ ဝီရိယတရားတွေ လျော့ပါးနေသေးတယ်ဆိုရင် တိုးအောင်လုပ်တယ်။ အသိပညာတွေ နည်းပါးနေသေးတယ်ဆို ရအောင်လုပ်တယ်။ အဲဒါက **'အတ္တသမ္မာပဏိဓိ'** ကိုယ့်ကိုယ်ကို ကောင်းအောင်ထားတယ်ဆိုတာ ကိုယ့်ကိုယ်ကို အဆင့်မြင့်လာအောင် ကြိုးစားအားထုတ်တာပါ။

အဲဒီလို မင်္ဂလာလမ်းမမှာ လျှောက်လှမ်းလို့ ကိုယ့်ကိုယ်ကို ကောင်းအောင်ထားတတ်ရန် ဘာတွေလုပ်ဖို့လိုသလဲ။ ဒီအတိုင်း သူ့ဟာသူ ထားတတ်လာမှာ မဟုတ်ဘူး။ ဒါ့ကြောင့် မြတ်စွာဘုရားက နောက်

http://www.dhammadownload.com



ဆက်ပြီးဟောတာက **ဗာဟုသစ္စ** တဲ့။ ဗဟုသုတ ဆည်းပူးပါတဲ့။ ဗဟုသုတဆိုတာ အခုလို တရားတွေ များများနာတယ်၊ တရားစာအုပ်တွေ ဖတ်တယ်၊ တရားတွေ ဆွေးနွေးတယ်။ မိတ်ဆွေသင်္ဂဟတွေနဲ့ ကောင်းနိုးရာရာ တရားစကား ပြောကြားတယ်။ ဒါတွေဟာ ဗဟုသုတဆည်းပူးတယ်ခေါ်တယ်။ ဆိုင်ရာ ဆိုင်ရာ ဗဟုသုတပဲ။ ဗဟုသုတမျိုးစုံ ဆည်းပူးအားထုတ်ကြရတယ်။

လောကမှာ ဗဟုသုတတွေ ရှိပြီးရင် စားဝတ်နေရေး ပြည့်စုံဖို့အတွက် မြတ်စွာဘုရားက **'သိပ္ပ'** တဲ့။ လက်မှုပညာတို့၊ နှုတ်မှုပညာတို့၊ ဘဝရပ်တည်ရေး အတွက် ဒါတွေလည်း သင်ကြားရမယ်တဲ့။

လူ့လောက လူရယ်လို့ ဖြစ်လာရင် **'ဝိနယော စ သုသိက္ခိတော'** လူတွေရဲ့ စည်းကမ်းဝိနည်းကိုလည်း လိုက်နာတတ်ရမယ်။ ဆိုပါစို့၊ နိုင်ငံတော်အစိုးရက ထုတ်ပြန်ထားတဲ့ ဥပဒေတွေရှိတယ်။ လောက လူ့ကျင့်ဝတ်တွေရှိတယ်၊ အဲဒါတွေကိုလည်း သင်ကြားထားရမယ်။ ဥပဒေတွေကို နားလည်ရမယ်၊ လေးစား

http://www.dhammadownload.com



ရမယ်၊ လိုက်စားရမယ်၊ လူ့ကျင့်ဝတ်တွေကို လေးစားရမယ်။ ဥပဒေဆိုတာက မသိလို့ ကျူးလွန်မိတာလို့ ပြောလို့မရဘူး၊ သိအောင်လုပ်ရမယ်။ အဲဒါကို **'ဝိနယော စ သုသိက္ခိတော'** လို့ ပြောတာ။ လောကမှာ ကြီးပွားတိုးတက်ဖို့အတွက် ဒီ မင်္ဂလသုတ်ကို အခြေခံအားဖြင့် ပြောထားတာ။ အဲဒီလို အချက်အလက်တွေ ပြည့်စုံမှသာ **'အတ္တသမ္မာပဏိဓိ'** ကိုယ့်ကိုယ်ကို ကောင်းအောင် ထားနိုင်မှာဖြစ်ပါတယ်။

**'သုဘာသိတာ စ ယာ ဝါစာ'** လောကမှာ လူတွေ ဆက်ဆံရေးဟာ အရေးအကြီးဆုံးက အပြောအဆို။ လူတွေ တစ်ယောက်နဲ့တစ်ယောက် ချစ်ချစ်ခင်ခင် စည်းရုံးမှုရှိတာလည်း ပြောဆိုတတ်လို့ပဲ။ ကွဲပြားသွားကြတာလည်းပဲ အပြောအဆိုမတတ်လို့ပဲ။ ဒီ ပြောဆိုခြင်းတစ်ခုဟာ အင်မတန်မှ ထိရောက်တယ်။ ဒါကြောင့် **'သုဘာသိတာ စ ယာ ဝါစာ'** စကားကောင်းကောင်း ပြောတတ်ရမယ်။

ဒါဖြင့် စကားကောင်းပြောတာ ဘယ်လိုဟာမျိုး ပြောတာလဲဆိုရင် မြတ်စွာဘုရား ဟောထားတာ

http://www.dhammadownload.com



ရှိတယ်။ စကားပြောတော့မယ်ဆိုရင် အရင်ဆင်ခြင် စဉ်းစားရမယ်။ ပါးစပ်ဆိုတာ စကားပြောဖို့နဲ့ စားဖို့ ထားတယ်ဆိုတာ ဟုတ်တယ်။ ပါးစပ်ကို အသုံးချပြီး ပြောစရာဆိုစရာတွေ စည်းကမ်းမရှိ လျှောက်ပြောလို့ ရလားဆိုရင် မရဘူးတဲ့။ '**သုဘာသိတ**' ကောင်းတဲ့ စကားဖြစ်အောင် ဘာလုပ်ရမလဲဆိုရင် စည်းကမ်းချက် ထားတာက ကိုယ့်ကိုယ်ကို အဓိဋ္ဌာန်ထား။

'**ကာလေန ဝဏ္ဏာမိ နော အကာလေန**' ငါ စကားပြောသင့်တဲ့အချိန် ပြောမယ်၊ မပြောသင့်တဲ့ အချိန် မပြောဘူး။ ဘာလို့လဲဆိုရင် စကားကောင်းပဲ ဖြစ်စေ မပြောသင့်တဲ့အချိန် သွားပြောရင် စကား ကောင်း မဖြစ်တတ်ဘူး။ ဒါကြောင့် စကားပြောရင် ပြောသင့်တဲ့အချိန်ပြောမယ်၊ မပြောသင့်တဲ့အချိန် မပြောဘူး။ ပြောသင့်တဲ့အချိန်၊ မပြောသင့်တဲ့အချိန် ကို အသိဉာဏ်နဲ့ ရွေးချယ်ရမယ်။

ပြောသင့်တဲ့အချိန်ရောက်လို့ ပြောပြီဆို ဘယ်လို ပြောမလဲဆိုတော့ '**သဏှေန ဝဏ္ဏာမိ နော ဖရုသေန**' တဲ့။ ယဉ်ယဉ်ကျေးကျေး ပြောမယ်၊ ရိုင်းရိုင်းစိုင်းစိုင်း

http://www.dhammadownload.com



မပြောဘူး။ စကားဟာ ပြောသင့်တဲ့စကားပေမယ့် ယဉ်ယဉ်ကျေးကျေးမပြောဘဲ ရိုင်းရိုင်းစိုင်းစိုင်း ပြောမိရင် ထိုစကားဟာ စကားကောင်း မဖြစ်ပြန်ဘူး။

ယဉ်ကျေးတဲ့စကားတိုင်း မှားမှားယွင်းယွင်းတွေနဲ့ ဆိုရင်လည်း အသုံးမဝင်ပြန်ဘူး။ ဒါကြောင့် မြတ်စွာဘုရားက **'ဘူတေန ဝက္ခာမိ နော အဘူတေန'** မှန်တာပဲပြောမယ်၊ မမှန်တာမပြောဘူး။

မှန်တိုင်း ကောင်းလားဆိုတော့ မှန်တိုင်းမကောင်းဘူး။ အကျိုးရှိမှ ကောင်းတယ်။ ဒါကြောင့်မို့ **'အတ္ထသံဟိတေန ဝက္ခာမိ နော အနတ္ထသံဟိတေန'** ကိုယ်ပြောတဲ့စကားဟာ အဓိပ္ပာယ်ရှိရှိနဲ့ အကျိုးစီးပွားကို ဖြစ်ပေါ်စေမယ့်စကားမျိုး ပြောရမယ်တဲ့။ ကောင်းကျိုး ချမ်းသာကို ရစေမယ့် စကားမျိုးဖြစ်ရမယ်။

အဲဒီစကားမျိုး ပြောပြီဆိုတဲ့အခါ စိတ်ထဲက ဘယ်လို နှလုံးထားရမယ်ဆိုရင် **'မေတ္တာစိတ္တေန ဝက္ခာမိ နော ဒေါသန္တရော'** မေတ္တာစိတ်နဲ့ ပြောမယ်တဲ့။ ဒေါသစိတ်နဲ့ မပြောဘူး။ စိတ်ဆိုးမှ ဒေါသထွက်တာ မဟုတ်ဘူး။ တချို့က အမုန်းတရားကြောင့် ချောက်တွန်းတာ

http://www.dhammadownload.com



ရှိသေးတယ်။ ခုခေတ်ပြောကြတာ 'အချွန်နဲ့မ' တယ် ဆိုတာပေါ့။ ချိုချိုသာသာလေးပြောတိုင်း စကားကောင်း မဟုတ်ဘူး။ အတွင်းစိတ်ဓာတ်က အင်မတန်အရေးကြီးတယ်။ မေတ္တာစိတ်နဲ့ပြောမယ်၊ အမုန်းစိတ်နဲ့ မပြောဘူး။ ဒီစကားနဲ့ပတ်သက်တဲ့အင်္ဂါ(၄)ချက်အတိုင်း ကိုယ့်ကိုယ်ကို အမိန့်ပေးထားရင် **'သုဘာသိတာ'** ဖြစ်တယ်။ ဒီအတိုင်း လိုက်နာမယ်ဆိုရင် လူတိုင်း တကယ်မင်္ဂလာရှိနေမှာပါ။ ဒီစကားပြောနေတာနဲ့ပင် မင်္ဂလာရှိသွားပြီ။ မင်္ဂလာရှိတယ်ဆိုတာ ကိုယ်လုပ်တဲ့ ကိစ္စတစ်ခု အောင်မြင်ကြီးပွားသွားတာလို့ မြတ်စွာဘုရားက ဟောတယ်။

လူ့ဘဝမှာ ကိုယ်တစ်ဦးတစ်ယောက်တည်း နေတာမဟုတ်ဘူး။ အသိုင်းအဝိုင်းမှာ ဒီလိုနေတော့ လူတွေမှာ အသီးသီး တာဝန်ဝတ္တရားတွေကို မဆောင်ရွက်ရင် မရပြန်ဘူး။ ဒါကြောင့် မြတ်စွာဘုရားက **'မာတာပိတုဥပဋ္ဌာနံ ပုတ္တဒါရဿ သင်္ဂဟော'** လူတိုင်း လူတိုင်းဟာ အဖေအမေမရှိဘဲ လောကကြီးကို ရောက်မလာဘူး။ အဖေအမေအပေါ်မှာ ပြုစုရမယ့် တာဝန်

http://www.dhammadownload.com



ဝတ္တရားတွေ ရှိတယ်ပေါ့။ တာဝန်ဝတ္တရားတွေဟာ အခု ကမ္ဘာကြီးမှာကြည့်မယ်ဆိုရင် ကမ္ဘာရှိ လူတိုင်းလူတိုင်း လေးလေးစားစား လိုက်နာကြလားဆိုရင် မလိုက်နာကြတော့ဘူး။ အနောက်တိုင်းကလူဆိုရင် သားသမီးတွေက (၁၈)နှစ်ဆိုရင် မိဘရင်က ခွာသွားကြပြီ။ မိဘနဲ့ပြန်တွေ့ဖို့ဆို သူတို့ဟာ New Year နဲ့ Christmas တို့မှာ ကဒ်ကလေးပဲ ပို့တဲ့အဆင့် ရောက်လာပြီ။ ကိုယ့်ဟာကိုယ် ရပ်တည်နေကြတာ ကောင်းသလိုလိုနဲ့ တာဝန်ဝတ္တရားတွေ ပျက်ကွက်လာကြတာပေါ့။ အဲလိုဖြစ်လာကြပြီ။ မြန်မာပြည်မှာလို တာဝန်ယူတာမျိုး မရှိတော့ဘူး။ မြတ်စွာဘုရားက ဒါကို အလေးအနက် Society တစ်ခုမှာ **'မာတာပိတုဥပဋ္ဌာနံ'** အဖေအမေကို ပြုစုလုပ်ကျွေးရမယ်ဆိုတာ လူတွေရဲ့ တာဝန်ဝတ္တရားတစ်ခုပဲ။

ဘုန်းကြီးတို့ဆီ နှစ်စဉ် ဂျာမဏီကနေ သင်တန်းလာတက်တဲ့ ဒကာမကြီးတစ်ယောက်ရှိတယ်။ ဒီနှစ်သူ့မိခင်ဖခင် အသက်(၈၀)ကျော်တော့ သူမလာနိုင်ဘူး။ တခြားညီအစ်မတွေတော့ရှိတယ်၊ သူတို့အလုပ်နဲ့

http://www.dhammadownload.com



သူတို့ မလုပ်နိုင်ဘူး။ သူက သာသနာ့ဘောင်ဝင်ပြီး သီလရှင် ဝတ်ထားတယ်။ ဝတ်ထားတဲ့အတွက်ကြောင့် သူက ငြင်းတယ်။ မိဘတာဝန် မယူနိုင်ဘူးပေါ့။ သူ့တရားပဲ သူလုပ်ချင်တယ်။ ဒီနှစ် စာလာမသင်နိုင်ဘူး ဆိုပြီး တယ်လီဖုန်းဆက်တော့ ဘုန်းကြီးက အားပေး စကားပြောတယ်။

မိဘနှစ်ပါးကို ပြုစုလုပ်ကျွေးတယ်ဆိုတာ အလွန် မွန်မြတ်တဲ့ မင်္ဂလာတစ်ပါးပါ။ ဘုရားအလောင်းတွေ ဟာ ကိုယ်ကျိုးကိုစွန့်ပြီးတော့ မိဘကို လုပ်ကျွေးတယ် ဆိုတာ (၅၅၀) ဇာတ်ထဲမှာရှိတယ်။ အင်မတန် မွန်မြတ် တဲ့ ကုသိုလ်ကောင်းမှုတစ်ခု၊ ကိုယ်ဆောင်ရွက်သင့်တဲ့ လုပ်ငန်းတစ်ခုကို လုပ်နေတာပါလို့၊ ဒါကြောင့် စာလာ မသင်ရပေမယ့် ဝမ်းနည်းစရာမလိုဘူး၊ ကိုယ် လုပ်နေ တဲ့အလုပ်ဟာ အလွန်မွန်မြတ်တဲ့အလုပ်၊ ဘုရားစကား နားထောင်တဲ့အလုပ်ပဲလို့ ပြောပြလိုက်တယ်။ ဒီလို သိရလို့ သူစိတ်ချမ်းသာတဲ့အကြောင်း ပြန်ပြောပါတယ်။

လောကမှာ မိဘကို ပြုစုလုပ်ကျွေးမှု လစ်ဟင်း လာတယ်။ လူတွေဟာ တာဝန်မဲ့လာတယ်ဆိုရင်

http://www.dhammadownload.com



ကြီးပွားတိုးတက်မှုလမ်းကြောင်းက ဘေးချော်လာတာ ပဲ။ မင်္ဂလာလမ်းကို မလျှောက်လှမ်းဘဲ လမ်းဆိုးတွေကို လျှောက်လာကြတော့ ဒုက္ခရောက်မှာပေါ့။ ဒါကြောင့် မြတ်စွာဘုရားက လိုက်နာရမယ့် Duty ကိုဟောတာ။ 'မိဘရှိတဲ့လူက မိဘကို ပြုစုလုပ်ကျွေးဖို့ ဒါ အင်မတန် အရေးကြီးတယ်'။

တစ်ဖက်ကလည်း **'ပုတ္တဒါရဿ သင်္ဂဟော'** အိမ်ထောင်ရက်သားကျလို့ သားနဲ့မယားနဲ့ နေသူတွေ ဟာ ကိုယ့်တာဝန်ဝတ္တရားကို ဆောင်ရွက်ကြဖို့ အရေး ကြီးတယ်။ ဒါ Family Society ညီညွတ်မှုအတွက် မြတ်စွာဘုရားက ဟောထားတာ။ ဥမကွဲ သိုက်မပျက် မိသားစုဟာ ဘဝတစ်ခုကို လက်တွဲပြီးတော့ လျှောက် ကြတယ်။

နိုင်ငံခြားမှာတော့ **'ပုတ္တဒါရဿ သင်္ဂဟော'** အလွန်အားနည်းသွားပြီ။ divorce မကြာမကြာ လုပ်ကြတယ်။ အခု သဘောကျရင် တွဲနေတယ်၊ သဘောမကျရင် ခွဲလိုက်ကြတယ်။ ဒီလူနဲ့ သဘော ကျရင် တွဲလိုက်တယ်၊ ဟိုလူနဲ့ သဘောကျရင် ထပ်တွဲ

http://www.dhammadownload.com



လိုက်တယ်။ ဘယ်သူ့ဘယ်သူမှ ဂရုမစိုက်ကြတော့ဘူး။ ကိုယ့်လမ်းကိုယ်လျှောက်နေကြတဲ့ ပုံစံမျိုးတွေ အများကြီး ပေါ်လာတယ်။ ဒါက မင်္ဂလာတရားကို မျက်ကွယ်ပြုလာတဲ့အတွေးတွေ လောကမှာ အများကြီး ပေါ်လာတာကို ပြောပြတာ။ ဒါကြောင့် မြတ်စွာဘုရားက မှန်ကန်တဲ့လမ်းကြောင်းက **'ပုတ္တဒါရဿ သင်္ဂဟော'** ဘဝခရီးမှာ လက်တွဲလာပြီဆိုရင် အပြန်အလှန် အထောက်အကူပြုရမယ်။

သင်္ဂဟ ချီးမြှောက်တယ်ဆိုတာ ဘာပြောတာလဲ။ ချီးမြှောက်တယ်ဆိုတာ နည်းလမ်း(၄)သွယ် ရှိတယ်။ (၁) ဒါန ပေးကမ်းတာ၊ (၂) **ပေယျဝဇ္ဇ** - ကြင်နာတဲ့ စကားပြောတာ၊ (၃) **အတ္ထစရိယာ** – ကိစ္စဝိစ္စ ကူညီ ဆောင်ရွက်ပေးတာ၊ (၄) **သမာနတ္တတာ** – ကိုယ်နဲ့ တန်းတူထားပြီး ဆက်ဆံတာ၊ အဲဒါ သင်္ဂဟ လို့ ခေါ်တယ်။ စုစည်းထားခြင်းဖြစ်တယ်။

လူတွေဟာ တစ်ယောက်နဲ့တစ်ယောက် မေတ္တာ နှောင်ကြိုးဖြင့် စုစည်းဖို့လိုတယ်။ တစ်ဦးနဲ့တစ်ဦး ပေးသင့် ကမ်းသင့်တာ ပေးရကမ်းရတယ်။ ပေးရုံ

http://www.dhammadownload.com



ကမ်းရုံနဲ့ မလုံလောက်ဘူး။ ကြင်နာတဲ့စကား ပြောရမယ်။ ရိုင်းစိုင်းတဲ့စကားပြောရင် စိတ်ထိခိုက်တတ်တယ်။ သူ့အလုပ် ကိုယ့်အလုပ် ခွဲခြားပြီး ဝိုင်းမလုပ်ဘူးဆိုရင် စိတ်ဓာတ်ကျတတ်တယ်။ ဒါကြောင့် သူ့အလုပ် ကိုယ့်အလုပ် မရွေးဘဲ သူ့အလုပ်ရှိရင်လည်း ဝိုင်းလုပ်ရတယ်။ ကိုယ့်ကိစ္စရှိရင်လည်း ဝိုင်းလုပ်ရတယ်။ နောက်ပြီး ကိုယ်နဲ့တန်းတူထားရမယ်။ အထင်သေးပြီး ဆက်ဆံရင် တစ်ဦးနဲ့တစ်ဦး မေတ္တာပျက်တတ်တယ်။ ဒါကြောင့် **'ပုတ္တဒါရဿ သင်္ဂဟော'** ဆိုတာ ဒါတွေကို ပြောတာ။ ငွေကြေးထောက်ပံ့ရုံတင် မဟုတ်ဘူး၊ ကြင်နာတဲ့စကားပြောရမယ်။ ကိစ္စဝိစ္စရှိရင် ဆောင်ရွက်ရမယ်။ ကိုယ်နဲ့တန်းတူထား ဆက်ဆံရမယ်။

အဲလို ပေါင်းသင်းဆက်ဆံခြင်းဖြင့် Family Society လူ့အဖွဲ့အစည်းကြီး တစ်ခုဟာ ခိုင်ခိုင်မာမာကြီး ဖြစ်သွားနိုင်တယ်။ ခိုင်မာနေသည့်အတွက် အန္တရာယ်ကျရောက်လာတဲ့အခါ စုပြီးတွန်းလှန်နိုင်တာပေါ့၊ ကြံ့ကြံ့ခံနိုင်တာပေါ့။ သောကဖြစ်စရာတွေလည်း ဝိုင်းပြီးဖြေရှင်းပေးတယ်။ လူဟာ တစ်ယောက်တည်း

http://www.dhammadownload.com



ဆို အားငယ်တယ်။ အသိုင်းအဝိုင်းနဲ့ဆို အင်အားတွေ ပြည့်လာပြီး အခက်အခဲတွေ ကျော်လွှားနိုင်တယ်။ ဒါတွေကိုရည်စူးပြီး မြတ်စွာဘုရားက ဟောထားတာ။

**'အနာကုလာ စ ကမ္မန္တာ'** တဲ့။ အလုပ်လုပ်တဲ့ အခါ သေသေသပ်သပ်လုပ်ဖို့လိုတယ်။ ကိုယ်လုပ်တဲ့ အလုပ်ဟာ ပြဿနာတွေ ခဏခဏမဖြစ်စေရဘူးလို့ ဆိုလိုတယ်။ တချို့က အလုပ်ကို မသေမသပ် လုပ်တဲ့ အတွက် ပြဿနာတက်လာတာမျိုးဖြစ်တယ်။ ကြိုးစား အားထုတ်မှု လျော့နည်းတဲ့အတွက် ပြဿနာတက်လာ တာမျိုးဖြစ်တယ်။ တစ်ခုခုလုပ်တယ်ဆို စေ့စေ့စပ်စပ် လုပ်ဖို့ လိုအပ်တယ်။ ဘာပဲလုပ်လုပ်၊ ဥပမာ-မီးပိတ် တာ၊ တံခါးပိတ်တာကအစ စေ့စေ့စပ်စပ်လုပ်ရင် ဘာမှ ပြဿနာမဖြစ်ဘူး။ တချို့ အမှတ်တမဲ့လုပ်လိုက်ရင်း အဲဒီကနေ ပြဿနာ တက်တက်လာတတ်တယ်။ ဒါကြောင့် မြတ်စွာဘုရားက **'အနာကုလာ စ ကမ္မန္တာ'** ကိုယ်လုပ်တဲ့အလုပ်ဟာ စေ့စပ်သေချာစွာလုပ်ပါ။ ဒါက မြတ်စွာဘုရားက အခြေခံကစပြီး မင်္ဂလာတရားတွေ ဟောနေတာ။

http://www.dhammadownload.com



အဲလိုလုပ်တဲ့အခါ လူ့လောကမှာ ဘာတွေလိုအပ်သေးလဲဆိုရင် '**ဒါနဉ္စ ဓမ္မစရိယာ စ ဉာတကာနဉ္စ သင်္ဂဟော**' လုပ်သင့်လုပ်ထိုက်တာက ဒါနဆိုတာ ပေးတာကမ်းတာ စွန့်ကြဲတာ။ ဒါနဆိုရင် အလှူကြီး၊ အတန်းကြီးလှူမှ၊ ဘုန်းကြီးကျောင်းလှူမှ ဒါနမဟုတ်ဘူး။ အိမ်နီးနားခြင်း စားစရာပို့တာ၊ လက်ဆောင်ပေးတာကအစ အကုန်လုံး ဒါနပါပဲ။ တရားစာအုပ်တွေဝေမယ်၊ တစ်ခုခု လုပ်ပေးမယ် ဒါန။

ဓမ္မစရိယာဆိုတာ ကိုယ်ကျင့်တရားနဲ့ ပတ်သက်လာရင် ကုသိုလ်ကမ္မပထတရား (၁၀)ပါးကို ကျင့်သုံးရမယ်။ **ကုသလ ကမ္မပထ** တရား (၁၀)ပါးဆိုတာ သူ့အသက်ကိုသတ်ခြင်းမှ ရှောင်ကြဉ်ရမယ်။ သူ့ဥစ္စာခိုးခြင်းမှ ရှောင်ကြဉ်တယ်။ သူတစ်ပါး သားမယားစော်ကားခြင်းမှ ရှောင်ကြဉ်တယ်။ အင်မတန် ရိုးနေပေမယ့် သိပ်အဓိကကျတဲ့ တရားတွေပဲ။

လူ့လောကမှာ ဒုစရိုက်(၁၀)ပါး ရှောင်ကြဉ်ပြီး သုစရိုက်တရားတွေ ကျင့်သုံးတာကို ဓမ္မစရိယာတရားကို ကျင့်သုံးတာဖြစ်တယ်။ တရားကို ကျင့်သုံးနေတဲ့

http://www.dhammadownload.com



သူဟာ ဘဝခရီးကို လျှောက်လှမ်းရာမှာ အောက်တန်း နောက်တန်းကျသွားမှာ မဟုတ်ဘူး။

**'ဉာတကာနဉ္စ သင်္ဂဟော'** ဆွေမျိုးဆိုတာ ကိုယ်နဲ့ အမျိုးတော်တာကို အနီးဆုံးဆွေမျိုးလို့ ပြောရမှာပေါ့။ ချဲ့ကြည့်မယ်ဆို တိုင်းပြည်တစ်ပြည်လုံး ကိုယ့်ဆွေမျိုးပဲ။ မြန်မာဆိုရင် မြန်မာလူမျိုးအကုန်လုံးဟာ ကိုယ့်ဆွေမျိုး ဖြစ်သွားပြီ။ တချို့က အမျိုးချစ်တယ်ဆိုတာ ကိုယ့်သား၊ ကိုယ့်သမီး၊ ကိုယ့်တူတို့ကိုချစ်တာ။ ဒီလိုချည်း မဟုတ်ဘူး။ အမျိုးဆိုတဲ့နေရာ ကိုယ့်လူမျိုး ဆိုတာ ပါပါတယ်။ မိမိရရှိလာတဲ့ ငွေကြေးနဲ့ ဆွေတွေမျိုးတွေကို ထောက်ပံ့တယ်။ ထောက်ပံ့တယ် ဆိုတဲ့နေရာမှာ ပေးတာကမ်းတာ တစ်ခုတည်းမဟုတ်ဘူး။ သင်္ဂဟ (၄)ပါးပဲ။ လုပ်စရာရှိတာ သွားလုပ်ပေးတယ်။ ကူညီစရာရှိ ကူညီတယ်။ တန်းတူထား ဆက်ဆံတယ်။ **'ဉာတကာနဉ္စ သင်္ဂဟော'** ပဲ။ အိမ်နီးနားချင်းဖြစ်စေ၊ ဆိုင်နီးနားချင်း ဖြစ်စေ၊ အလုပ်တူလုပ်တဲ့ ပုဂ္ဂိုလ်ဖြစ်စေ ထောက်ပံ့ ပေးရမယ်တဲ့။ ဒါ မင်္ဂလာရှိတဲ့ လုပ်ရပ်တွေပဲ။

http://www.dhammadownload.com



မြတ်စွာဘုရားက လုပ်သင့် လုပ်ထိုက်တာတွေ ပြောပြီး မလုပ်သင့်တာတွေပြောတယ်။ **'အာရတီ ဝိရတီပါပါ'** တဲ့။ ကိုယ့်ကိုယ်ကို နိမ့်ကျသွားစေတဲ့အရာ ကို ပါပ လို့ခေါ်တယ်။ ဥပမာ လူတစ်ယောက်ဟာ သူများပစ္စည်း ယူလိုက်တယ်ဆို ဒီလူရဲ့ ဂုဏ်သိက္ခာ နိမ့်ကျမသွားဘူးလား။ လိမ်ပြောလိုက်ပြီဆိုလည်း ဒီလူ ရဲ့ ဂုဏ်သိက္ခာ နိမ့်ကျသွားမယ်။ အဲလို ဒီဘဝမှာ နိမ့်ကျ သွားစေတာ။ အပါယ်ကျတာက နောင်မှ။ ဒီဘဝတင် တစ်ခုခုလုပ်လိုက်ရင် ဒီလူရဲ့သိက္ခာကျသွားပြီ။ အဲဒီလို နိမ့်ကျသွားစေတဲ့ အလုပ်တွေကို ရှောင်ပါ။ ဒါတွေက ဒုစရိုက်တွေကိုပြောတာပါ။

**မဇ္ဇပါနာစ သံယမော** တဲ့။ မူးယစ်ဆေးဝါး သေရည်သေရက် သောက်စားခြင်းမှ ရှောင်ရမယ်။ ဒါက ဘာလို့လဲဆို လောကမှာ မူးယစ်ဆေးဝါး သေရည် သောက်စားပြီဆိုရင် မူးယစ်စေတဲ့အရာ အသုံးပြုတဲ့ အတွက် အဲဒီလူရဲ့ဦးနှောက်ဟာ ပုံမှန်မဖြစ်တော့ဘူး။ သူတွေးတဲ့ အတွေးအခေါ်တွေဟာ မှားယွင်းလာမယ်။ မှားယွင်းလာတဲ့ အတွေးအခေါ်ဟာ လောကကြီးကို

http://www.dhammadownload.com



ဘယ်လိုမှအကျိုးမပြုနိုင်ဘူး။ သူ့ရဲ့ကောင်းကျိုးချမ်းသာကိုလည်း မဆောင်ရွက်နိုင်ဘူး။ သူများရဲ့ ကောင်းကျိုးချမ်းသာကိုလည်း မဆောင်ရွက်နိုင်ဘူး။ ဒါကြောင့် ဒီကနေ့ခေတ် မူးယစ်ဆေးဝါးဆိုတာ ဘယ်နိုင်ငံကမှ လက်မခံဘူး။ ဘာလို့လဲဆို လူ့အသိုင်းအဝိုင်းကို ဖျက်ဆီးတာ ဖြစ်လို့ပဲ။ ဒါကြောင့် မူးယစ်ဆေးဝါးကိုလည်း ရှောင်သင့်တယ်လို့ ဘုရားကဟောထားတယ်။ အဲလိုရှောင်လိုက်မှ ကိုယ့်ဘဝလမ်းခရီးကို ဖြောင့်ဖြောင့်တန်းတန်း လျှောက်လှမ်းနိုင်မှာဖြစ်တယ်။ အခြေခံပိုင်းကို မြတ်စွာဘုရားက ဟောထားတာ။

လူ့လောကမှာ ဒီအဆင့်လောက် ရောက်သွားရင်ကို လူတော်လူကောင်းလို့ သတ်မှတ်လို့ရပြီ။ မင်္ဂလာတရားနဲ့ ပြည့်စုံသွားပြီဆို သာမန်ပုဂ္ဂိုလ်တွေဟာ လူတော်လူကောင်းတွေ ဖြစ်သွားကြပြီ။ လူတော်လူကောင်းတွေ ဖြစ်သွားပြီး ရှေ့တစ်ဆင့်တက်ပြီး လူကြီးလူကောင်းအဖြစ် ရောက်ဖို့ဆိုရင် '**ဂါရဝေါစ နိဝါတောစ၊ သန္တုဋ္ဌီ စ ကတညုတာ**' တဲ့။ လူကြီးလူကောင်းတွေရဲ့ အရည်အသွေးတွေပဲ။ **ဂါရဝ** အပြန်

http://www.dhammadownload.com



အလှန် လေးစားတတ်တယ်။ **နိဝါတ** မာန်မာန မထားဘူး။ ကိုယ်က ရာထူးဘယ်လောက်မြင့်မြင့်၊ ပစ္စည်းဥစ္စာဘယ်လောက်ချမ်းသာချမ်းသာ အများနဲ့ ဆက်ဆံတဲ့အခါ မာန်မာနဆိုတာ မရှိဘူး။ လေးစားရမယ့်ပုဂ္ဂိုလ်လေးစားတယ်၊ ရိုရိုသေသေ ဆက်ဆံတယ်။ အဲဒီတရားရှိတဲ့ ပုဂ္ဂိုလ်တွေဟာ မင်္ဂလာလမ်းမပေါ် လျှောက်လှမ်းနေတဲ့ ပုဂ္ဂိုလ်တွေပဲ။ အများရဲ့ချစ်ခင် လေးစားမှုကိုဒီဘဝတင် ရကြတယ်။

**'သန္တုဋ္ဌိ'** ဆိုတာ လူ့လောကမှာလူတွေဟာ ရောင့်ရဲတင်းတိမ်မှု အားနည်းကြတယ်။ ရောင့်ရဲမှုဆိုတာအစိပ္ပါယ်ကောက်ယူမှု မမှားစေနဲ့။ ရောင့်ရဲမှုဆိုတာစီးပွားရေး မတိုးချဲ့ရဘူး၊ ပညာရေး မတိုးချဲ့ရဘူး၊ ကိုယ်ရတာလေးနဲ့ ကျေနပ်ရမယ်၊ ဒီလိုဆိုလိုတာမဟုတ်ဘူး။ မရောင့်ရဲဘူးဆိုတာ အိမ်မှာဆိုပါစို့။ အချဉ်ချက်ထားလို့ရှိရင် အဲဒီနေ့ အချိုစားချင်တယ်။ အချိုချက်ထားလို့ရှိရင် အဲဒီနေ့ အချဉ်စားချင်တယ်။ မရောင့်ရဲတဲ့ပုဂ္ဂိုလ်ဟာ မီးဖိုချောင်ထဲမှာတင်ပဲ ဒုက္ခရောက်တယ်။

http://www.dhammadownload.com



တစ်ခါက အညာမှာ ထမင်းပွဲထိုင်ရင်းက ငရုတ်သီးမပါလို့ ငရုတ်သီး သွားရှာဦးမယ်ဆိုပြီး ထွက်သွားတာ အောက်ပြည် အောက်ရွာရောက်ပြီး အိမ်ထောင်ကျသွားတယ်ဆိုတဲ့ပုဂ္ဂိုလ်ရှိတယ်။ အဲဒါ မရောင့်ရဲနိုင်တဲ့ပုဂ္ဂိုလ်ပဲ။ မရောင့်ရဲရင် ဒုက္ခရောက်တယ်။ ကိုယ်ရောက်တဲ့ ပတ်ဝန်းကျင်ရော ဒုက္ခရောက်တယ်။ မြတ်စွာဘုရားက ဘာနဲ့ဖြစ်ဖြစ် ရောင့်ရဲရမယ်။

မတ္တရာဆရာတော် ရောင့်ရဲတယ်ဆိုတာ ကြားဖူးကြလိမ့်မယ်။ မတ္တရာဆရာတော်က ခပ်ငံငံလေး ကပ်လိုက်လည်း အစာကျေတာပေါ့ကွာ။ ခပ်ပေါ့ပေါ့လေး ကပ်လိုက်လည်း ရေငတ်ပြေတာပေါ့။ ဆွမ်း ပျော့ပျော့လေး ချက်ပေးရင်လည်း ဒီနေ့ မြန်မြန်အစာ ကျေတာပေါ့။ မာမာလေး ချက်ပေးရင်လည်း တောင့်တောင့်လေး စားရတာပေါ့လို့ ကောင်းတဲ့ဘက်ကချည်း တွေးတယ်။ အဲဒီ ကောင်းတဲ့ဘက်က တွေးတာက ရှိတာနဲ့ ကျေနပ်တဲ့သဘောပဲ။

အင်္ဂလိပ်ဖတ်စာ ပုံပြင်လေးထဲမှာပါတဲ့ မီးရထား မောင်းသမား တစ်ယောက်ရဲ့ ရောင့်ရဲတင်းတိမ်မှု၊

http://www.dhammadownload.com



အကောင်းမြင်တတ်မှုဟာ အတော်အတုခိုးစရာ ကောင်းတယ်။ ရထားမှာ accident ဖြစ်လို့ ခြေထောက် တစ်ဖက် ဆေးရုံတက်ပြီး ဖြတ်လိုက်ရတယ်။ ဘယ်ကိစ္စ ဖြစ်ဖြစ် သူက အဆိုးဘယ်တော့မှ မပြောဘူးတဲ့။ အကောင်းချည်းပဲ ပြောလေ့ရှိတယ်။ သူငယ်ချင်း တွေက သူဒီတစ်ခါ ခြေထောက်ဖြတ်လိုက်ရပြီ။ ဘယ် လိုများ အကောင်းပြောမလဲ သွားပြီးစုံစမ်းကြတယ်။ ကဲ၊ မင်းဒီတစ်ခါ ခြေထောက်ဖြတ်လိုက်ရပြီ၊ မင်း ဒုက္ခ ရောက်နေပြီ၊ ဘယ်လိုများ အကောင်းပြောဦးမလဲ ဆိုတော့ ဟိုလူကပြုံးပြီး သူငယ်ချင်းတို့ရေ တဲ့၊ ငါတော့ ဖိနပ်တစ်ဖက်ဖိုး သက်သာသွားပြီတဲ့။ အကောင်းဘက် ကပဲ တွေးတောပြောတာ။ **'သန္တုဋ္ဌိ'** ရဲ့ သဘောတွေပဲ ရှိတာနဲ့ ကျေနပ်နိုင်တာ။ အဲလိုလေး ကျေနပ်နိုင်တော့ စိတ်ချမ်းသာတာပေါ့။ ရှိတာနဲ့ မကျေနပ်နိုင်တဲ့ ပုဂ္ဂိုလ် မှာ စိတ်မချမ်းသာဘူး။ ရှိတာနဲ့ မကျေနပ်တဲ့အတွက် ဘယ်တော့မှ သူ့မှာ လိုဘပြည့်တယ်မရှိဘူး။ သူများ ကို ဒုက္ခမပေးချင်နေ၊ ကိုယ့်ဟာကိုယ် ဒုက္ခဖြစ်နေ တယ်။

http://www.dhammadownload.com



**'ကတညုတာ'** ဆိုတာ သူတော်ကောင်းတွေရဲ့ အထိမ်းအမှတ်တစ်ခုပဲ။ လူတွေဟာ လွယ်လွယ်နဲ့ ကျေးဇူးတင်ပါတယ်လို့ ပြောလေ့ရှိကြတယ်။ သို့သော် တကယ် ကျေးဇူးတင်တတ်တာက တကယ့် သူတော်ကောင်းမှ ကျေးဇူးတင်တတ်တယ်။ တကယ် ကျေးဇူး သိတတ်တဲ့ပုဂ္ဂိုလ်က အင်မတန်ရှားပါတယ်။ မင်္ဂလာ ရှိအောင် ကျေးဇူးသိတတ်ရမယ်။

မြန်မာရာဇဝင်ထဲမှာ ကျော်စွာမင်းရဲ့ လူယုံတော် ခေင်ညိုဆိုတာ ရှိတယ်။ ကျေးဇူးသိတတ်တဲ့နေရာမှာ စံပြထားရမယ့် ပုဂ္ဂိုလ်တစ်ယောက်ပဲ။ စစ်ကိုင်းဘက်က အသင်္ခယာစောယွန်းမင်းကို လုပ်ကြံခိုင်းလိုက်တာ (၃)ရက်တိတိ တောထဲမှာပုန်းပြီး အစာမစားရဘူး။ တစ်နေ့တော့ အသင်္ခယာစောယွန်းမင်း နတ်တင်ထားတဲ့ ထမင်းပွဲလေးတွေ့တော့ အဲဒီထမင်းကိုစား၊ အဲဒီနေ့ ညပဲ အသင်္ခယာစောယွန်းမင်းကို လုပ်ကြံမယ်လို့ သံလျက်ဓားကို ဆွဲထုတ်ရင်း ဘာစဉ်းစားလဲဆိုတော့ သူ့ထမင်း ငါစားထားတာ၊ ငါ့ရဲ့ ထမင်းရှင်ဖြစ်နေပြီ၊ သတ်လိုက်ရင် ငါ့ထမင်းရှင်ကို ပြစ်မှားရာရောက်တော့

http://www.dhammadownload.com



မယ်ဆို ဘုရင်က ငါ့ကိုသတ်ချင်သတ်ပါစေ၊ ထမင်းရှင်ကို မပြစ်မှားဘူးဆိုပြီး ပြန်သွားတယ်။ အသခ်ယာ စောယွန်းမင်းကိုင်တဲ့ သံလျက်ဓားကို သက်သေအဖြစ် ယူသွားတယ်။ ဟိုရောက်တဲ့အခါ ငါးစီးရှင်ကျော်စွာက ငါခိုင်းတာ ပြီးပြီလားဆိုတော့ အကျိုးအကြောင်းပြောတယ်။ ဘုရင်က စိတ်ထားကောင်းတယ်၊ သိပ် ကျေးဇူးသိတတ်တဲ့လူပဲဆိုပြီး အပြစ်ဒဏ်မပေးဘူး။ လောကမှာ ကျေးဇူးသိတတ်တဲ့ပုဂ္ဂိုလ်ဟာ အင်မတန်မှ တန်ဖိုးရှိတယ်။ ဒါကြောင့် **'ကတညုတာ'** ဟာ မင်္ဂလာတစ်ခုပဲ။

လူကြီးလူကောင်းဘဝ ရောက်သွားပြီဆိုရင် ဒီ့ထက်အဆင့်မြင့်ပြီး သံသရာဝဋ်ကလွတ်ဖို့ ကြိုးစားကြမယ်ဆိုရင် လိုအပ်ချက်တွေကို မြတ်စွာဘုရားက ဆက်ပြီးဟောထားတာ **'ခန္တီ စ သောဝစဿတာ သမဏာနဉ္စ ဒဿနံ**။ အဲဒီလောကလူတွေဟာ ဘာလုပ်လုပ် သည်းခံဖို့လိုအပ်တယ်။ တစ်ဦးတစ်ယောက်လာစော်ကားလို့ သည်းခံတာရှိသလို အလုပ်တစ်ခု မအောင်မချင်း ကြိုးစားတာ ဒါလည်း သည်းခံတာခေါ်တယ်။ အအေးဒဏ်၊ အပူဒဏ်၊ ရာသီဉတုဒဏ်

http://www.dhammadownload.com



စသည်ကို သည်းခံတာတွေပါတယ်။ အဲဒီ သည်းခံတာမျိုးရှိရမယ်။

ပြောလို့ဆိုလို့ အကြံပေးတဲ့အခါမှာ လွယ်ကူစွာ နာခံတဲ့ပုဂ္ဂိုလ်ဖြစ်ဖို့ လိုတယ်။ မလွယ်ကူတဲ့လူကို ဘယ်သူကမှ မပြောတော့ဘူး။ အကြံပေးမခံရတဲ့အခါ ဒီပုဂ္ဂိုလ်ဟာ လမ်းကြောင်းလွဲနိုင်တယ်။

**သမဏာနဉ္စ ဒဿနံ** သူတော်စင် သူတော်မြတ်တွေကို မကြာခဏ တွေ့ဆုံခြင်းဖြင့် အမှန်တရားတွေ သိရှိနားလည်နိုင်တယ်။ ဒါ့ကြောင့် မင်္ဂလာလို့ ဆိုလိုတာ။

ကိုယ်ကိုယ်တိုင်ကျင့်ပြီး တရားထူး၊ တရားမြတ်ရဖို့ကျတော့ '**တပေါ စ ဗြဟ္မစရိယဉ္စ အရိယသစ္စာန ဒဿနံ**' တဲ့။ **တပ** ဆိုတာ လူ့ဘဝက ခွာရှောင်ပြီး သာသနာ၀င်တဲ့ အကျင့်မျိုး။ ကိုယ်ကျင့်သီလတွေနဲ့ ပြည့်စုံအောင်လုပ်မယ်။ ဗြဟ္မစရိယ မြတ်သောအကျင့်ကို ကျင့်တယ်ဆိုတာ မဂ္ဂင်(၈)ပါး အကျင့်ကိုကျင့်ဘယ်။

အဲလိုကျင့်တယ်ဆိုရင် ဘာရမလဲဆိုရင် '**အရိယသစ္စာနဒဿန**' သစ္စာ(၄)ပါးကို သိမြင်နိုင်တယ်။

http://www.dhammadownload.com



အထက်မှာ အမျိုးစုံဖွင့်ထားပေမယ့် **'အရိယသစ္စာန ဒဿနံ'** သစ္စာ(၄)ပါး သိတယ်ဆိုတာ သောတာပန် ဖြစ်သွားပြီလို့ ဆိုလို့ရတယ်။ သောတာပန် ဖြစ်ပြီဆိုရင် အပါယ်တံခါးပိတ်သွားတော့ မင်္ဂလာတရားဟာ ဒီအထိ ရောက်လာရင် နောင်ဘဝဟာ အင်မတန်မှ စိတ်အေး သွားရတဲ့နေရာမျိုး ရောက်သွားပြီ။

နောက်တစ်ခါ ဒီထက်အဆင့်မြင့်သွားပြီဆိုရင် **'နိဗ္ဗာန သစ္ဆိကိရိယာ စ'** သောတာပန် အဆင့်မှ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာ ဖြစ်သွားပြီဆိုရင် နိဗ္ဗာန်ကို မျက်မှောက်ပြုပြီးသား ဖြစ်သွားပြီ။ ဘဝမှာ သောက တွေ့စရာအကြောင်း မရှိတော့ဘူးလို့ ဟောခြင်း ဖြစ်တယ်။ ဒီထဲမှာ နိဗ္ဗာန်ရပြီးတဲ့နောက် ဘာလိုသေး လဲဆိုရင် ဘာမှမလိုတော့ဘူး။ နိဗ္ဗာန်ရောက်လို့ ရဟန္တာ ဖြစ်သွားပြီဆိုတဲ့ ပုဂ္ဂိုလ်တစ်ယောက်ရဲ့ အခြေအနေကို မြတ်စွာဘုရားက နိဂုံးချုပ်မှာ ဆက်ပြီးဟောထား တာက ...

**'ဖုဋ္ဌဿလောကဓမ္မေဟိ၊ စိတ္တံ ယဿ န ကမ္ပတိ၊**
**အသောကံ ဝိရဇံ ခေမံ၊ ဧတံ မင်္ဂလမုတ္တမံ'**

http://www.dhammadownload.com



နိဗ္ဗာန်ကို မျက်မှောက်ပြုပြီးသွားတဲ့ အရိယာသူတော်စင် ရဟန္တာအဖြစ် ရောက်သွားပြီဆိုရင် ဘယ်လို လောကဓံတွေနဲ့တွေ့တွေ့ သူ့ရဲ့စိတ်ဟာ တုန်လှုပ်မှုမရှိတော့ဘူး။ **အသောက** ဘယ်ကိစ္စနဲ့ ပတ်သတ်ပြီးမှ စိုးရိမ်စိတ်ဆိုတာ မလာတော့ဘူး။ **'ဝိရဇံ'** သူ့စိတ်ထဲ လောဘ၊ ဒေါသ၊ မောဟ အညစ်အကြေး ဘယ်တော့မှ မလာတော့ဘူး။ **'ခေမံ'** အန္တရာယ် ခပ်သိမ်း ကင်းငြိမ်းသွားပြီ။ အဲဒီကျရင် အမြတ်ဆုံး မင်္ဂလာဟာ လမ်းဆုံးသွားတာ ဖြစ်ပါတယ်။

မင်္ဂလသုတ်မှာ ဘဝခရီးကို လျှောက်လှမ်းသွားတဲ့ ပုဂ္ဂိုလ်တိုင်း တစ်ဆင့်ပြီးတစ်ဆင့်၊ တစ်ဆင့်ပြီး တစ်ဆင့်တက်ပြီး ကျင့်သွားပုံကို မြတ်စွာဘုရားက ဟောတယ်။ အခြေခံအားဖြင့် အပေါင်းအသင်း ဆက်ဆံမှုကစတဲ့ မင်္ဂလာတရားတော်ဟာ ဘယ်မှာ အဆုံးသတ်တုန်းဆိုရင် **'နိဗ္ဗာနသစ္ဆိကိရိယာ'** မှာ အဆုံးသတ်သွားတယ်။

အဲဒီ နိဗ္ဗာန်ကို မျက်မှောက်ပြုတာနဲ့ တစ်ပြိုင်တည်း ရဟန္တာဖြစ်သွားလို့ ကြံ့ခိုင်တဲ့စိတ်ကိုရတယ်။

http://www.dhammadownload.com



စိုးရိမ်သောက ကင်းသွားတယ်။ အန္တရာယ် ကင်းသွားတယ်။ ဘေးခပ်သိမ်း အကုန်ကင်းသွားတယ်ဆိုတဲ့ အကျိုးတရားတွေ ရပါတယ်။

အဲဒီ အကျိုးတရားတွေရပြီဆိုရင် ...

**'ဧတာဒိသာနိ ကတွာန၊ သဗ္ဗတ္ထ မပရာဇိတာ၊**

**သဗ္ဗတ္ထ သောတ္ထိံ ဂစ္ဆန္တိ၊ တံ တေသံ မင်္ဂလမုတ္တမံ'**

လို့ မြတ်စွာဘုရားက နိဂုံးချုပ်တာ။ မင်္ဂလာလမ်းမ လျှောက်လှမ်းသွားတဲ့ပုဂ္ဂိုလ်ဟာ လမ်းဆုံးရောက်တာနဲ့ ဒီမှတ်တိုင် ရောက်ရှိမှာဖြစ်ပါတယ်။ ရောက်သွားလို့ ရှိရင် **သဗ္ဗတ္ထ မပရာဇိတာ** - ဘယ်တော့မှ ကိုယ်က ရှုံးတယ်ဆိုတာ မရှိဘူး။ **သဗ္ဗတ္ထ သောတ္ထိံ ဂစ္ဆန္တိ**- အရာရာခပ်သိမ်း ပြီးပြည့်စုံအောင်နိုင်ခြင်း ရရှိနိုင်တယ် လို့ မြတ်စွာဘုရားက မင်္ဂလသုတ်မှာ ဒီလိုဟောထားတာ ဖြစ်တယ်။

ဒါကြောင့် တရားချစ်ခင် သူတော်စင်ပရိသတ် အပေါင်း မိမိတို့ဘဝခရီးကို မင်္ဂလာ လမ်းမပေါ်မှ လျှောက်လှမ်းနိုင်အောင် ကြိုးစားအားထုတ်ကြမယ်လို့

http://www.dhammadownload.com



ကိုယ်စီကိုယ်ငှ သဘောကျပြီး မင်္ဂလာလမ်းမအတိုင်း လျှောက်လှမ်းနိုင်ကြကုန်သတည်း။

ဒေါက်တာနန္ဒမာလာဘိဝံသ

❀ ❀ ❀

http://www.dhammadownload.com

## ဓမ္မမိတ်ဆွေများသို့

ပါမောက္ခချုပ်ဆရာတော် ဒေါက်တာ အရှင်နန္ဒမာလာဘိဝံသ ဟောကြားအပ်သော တရားများကို အသံမှ စာအဖြစ် စေတနာရှင်များက ရေးကူးကာ စာမူများကို ဆရာတော်ကြီးထံပေးပို့ကြပါသည်။ ဆရာတော်ကြီး ကိုယ်တိုင် အချိန်ရသမျှ ပြင်ဆင် တည်းဖြတ်ပေးသော စာမူများကို ကုသိုလ်ရှင်များလှူဒါန်းထားသော ဓမ္မစာပေရန်ပုံငွေများ အသုံးပြုလျက် စာအုပ်ငယ်များ ရိုက်နှိပ်ထုတ်ဝေပါသည်။

တရားစာအုပ်များကို တစ်ဆင့် ဓမ္မဒါနပြုလုပ် ဖြန့်ဝေလှူဒါန်း လိုပါက ဖော်ပြပါ ဌာနများသို့ ဆက်သွယ်မှာကြားနိုင်ပါသည်။

http://www.dhammadownload.com

# ရရှိနိုင်သော ဌာနများ

၁။ အောင်ဇမ္ဗူ ပုံနှိပ်တိုက်
အမှတ်(၁၅၂)၊ (၂၂)လမ်း၊ လသာမြို့နယ်၊
ရန်ကုန်မြို့။
ဖုန်း ၃၈၄၁၉၃၊ ၀၉၅၁-၄၆၀၉၅

၂။ ဦးဘဖိုး+ဒေါ်အုန်းကြည် ပရဆေးဆိုင်
အမှတ်(၄၆၇၊ ၄၆၈)၊ သိမ်ကြီးဈေး(ဒီ)ရုံ၊
မြေအောက်ထပ်။
ဖုန်း ၂၉၀၆၀၀(လိုင်းခွဲ) ၄၁၇၄

၃။ ဓမ္မဗျူဟာ သာသနမာမကအဖွဲ့
လူပုဂ္ဂိုလ်များဆိုင်ရာဓမ္မစာပေသင်တန်းကျောင်း
ကြားတောရလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၁-၃၈၀၈၈၀

http://www.dhammadownload.com

## အရှင်နန္ဒမာလာဘိဝံသ ၏ ထုတ်ဝေပြီး မွေစာအုပ်များ

၁။ နိဗ္ဗာန်တံခါးကြီး ဖွင့်တော်မူပါ
၂။ MRTV(4) တရားတော်များ (၃)ပုဒ်တွဲ
(က) နှစ်ဦးကာလ ဓမ္မလက်ဆောင်
(ခ) မြတ်ဗုဒ္ဓဒေသနာနှင့် ယနေ့ကမ္ဘာ
(ဂ) ယနေ့လူသားများရဲ့ မနက်ဖန်ကမ္ဘာ
၃။ ဘဝအသွင်ကို ဓမ္မအမြင်ဖြင့် ရှုကြည့်ခြင်း
၄။ ဘဝခရီးဝယ် ရွေးချယ်ရမည့်လမ်း
၅။ သူတော်ကောင်းတို့၏ စိတ်နေသဘောထား
၆။ ဘဝအရေး စိတ်အေးရလေအောင်
၇။ ဓမ္မကြေးမုံ
၈။ တောင်ပို့ထဲက ရတနာ
၉။ မြတ်သောဥစ္စာစုဆောင်းပါ
၁၀။ သမထနှင့် ဝိပဿနာ
၁၁။ ရောဂါကုစား စိတ်စွမ်းအား
၁၂။ ရှစ်ယောက်နဲ့ တစ်ယောက်
၁၃။ မိတ်ကောင်းဆွေကောင်း
၁၄။ မေတ္တာနှလုံး အစဉ်သုံး
၁၅။ လူဖြစ်ကျိုးနပ်ပါစေ
၁၆။ မေတ္တာသုတ်အနှစ်ချုပ်
၁၇။ ဘဝဆည်းဆာ ကရုဏာ

http://www.dhammadownload.com

၁၈။ ဥပုသ်စောင့်ခြင်း အဓိပ္ပာယ်

၁၉။ ဓမ္မမှတ်ကျောက်

၂၀။ ဓမ္မအသိဖြင့် အကျိုးရှိရှိနေမည်

၂၁။ နှစ်ဦးကာလ ဓမ္မလက်ဆောင်

၂၂။ မြတ်ဗုဒ္ဓဒေသနာနှင့် ယနေ့ကမ္ဘာ

၂၃။ ယနေ့လူသားများရဲ့ မနက်ဖြန်ကမ္ဘာ

http://www.dhammadownload.com

# ဓမ္မစာပေပြန့်ပွားရေး
# ထာဝရပဒေသာပင် အလှူရှင်များ

| | | |
|---|---|---|
| ၁။ | မိဘများနှင့် ဦးတင်စိုးတို့ကိုရည်စူး၍ ဒေါ်ခင်လှမိသားစု။ (ကိုကျော်သင်းဆေးဆိုင်)မင်္ဂလာဈေး။ | ၃၉,၀၀,၀၀၀ |
| ၂။ | ဦးအုန်းကျော်+ဒေါ်ခင်မမ မိသားစု။ | ၃၅,၀၀,၀၀၀ |
| ၃။ | ဦးခင်ရွှေ+ဒေါ်မေလှိုင် မိသားစု။ | ၃,၀၀,၀၀၀ |
| ၄။ | ဦးချစ်မွေး+ဒေါ်မြင့်မြင့်ရီ | ၃,၀၀,၀၀၀ |
| ၅။ | ဦးသောင်းငွေ+ဒေါ်ခင်စောဝင်း | ၃,၀၀,၀၀၀ |
| ၆။ | Singapore မှ ဓမ္မမိတ်ဆွေများ | ၃,၀၀,၀၀၀ |
| ၇။ | ဦးစံသာ+ဒေါ်မေဦးခင်၊ သမီး - စံသာရတနာ သား - မောင်စံသာသုခ မိသားစု။ | ၁,၅၀,၀၀၀ |
| ၈။ | ဦးမြဟန်+ဒေါ်သီတာစိ မိသားစု။ | ၁,၀၀,၀၀၀ |
| ၉။ | ရွှေပြည်ဟိန်းဆရာတော်၏မယ်တော်ကြီး ဒေါ်အမာ။ | ၁,၀၀,၀၀၀ |
| ၁၀။ | ကိုထွန်းလင်း+မနွယ်နွယ်စန်း | ၁,၀၀,၀၀၀ |
| ၁၁။ | ကိုကျော်ဆန်းလွင်+ဒေါ်မြင့်မြင့် | ၁,၀၀,၀၀၀ |
| ၁၂။ | ဖခင်ကြီးဦးသိန်းကြည်အား ရည်စူး၍ မိခင်ကြီး ဒေါ်သန်းကြည်အား အမှူးထားလျက် ဒေါ်မြမြသိန်းနှင့် မောင်နမတစ်စု(ရန်ကင်း) | ၁,၀၀,၀၀၀ |
| ၁၃။ | ဦးရဲမြင့်+ဒေါ်သန်းသန်းနွယ် မိသားစု | ၁,၀၀,၀၀၀ |

တိုက် ၂၀၊ အခန်း ၁၅၊ ပြည်ရိပ်မွန်အိမ်ရာ၊
၇ ရပ်ကွက်၊ ကမာရွတ်မြို့နယ်။

http://www.dhammadownload.com

| | | |
|---|---|---|
| ၁၄။ | မသန်းသန်းဝင်း၊ မမေသက်ဝေ | ၅၀,၀၀၀ |
| ၁၅။ | နင်းရတနာ စာပေ | ၅၀,၀၀၀ |
| ၁၆။ | ဦးညီညီ+ဒေါ်မြင့်မြင့်ခင် မိသားစု၊ အလုံ | ၅၀,၀၀၀ |
| ၁၇။ | ဦးတင်ထွန်း+ဒေါ်ခင်ခင်ဦး၊ သမီး မခင်ဖြူထွန်း၊ သား မောင်သိန်းထွန်းအောင် မိသားစု။ | ၅၀,၀၀၀ |
| ၁၈။ | မိဘများ၊ ခင်ပွန်း ဦးတင်အောင်နှင့် သမီးငယ် မိမိအောင်တို့အား ရည်စူး၍ ဒေါ်တင်တင်ဝင်းမိသားစု။ | ၃၀,၀၀၀ |
| ၁၉။ | ဦးမြင့်သိန်း+ဒေါ်ဆွေဆွေ၊ သမီး ဒေါက်တာသီရိရွှေစင်၊ သား-မောင်ဘုန်းပြည့်အောင်မိသားစု(ရန်ကင်း) | ၃၀,၀၀၀ |
| ၂၀။ | ဒေါ်ရှုဟုန်၊ ဒေါ်နေဇင်ဦး၊ ဒေါ်ကေသီဦး၊ ဒေါ်နန့်ကြည်ထွေး မိသားစု။ | ၁၀,၅၀၀ |
| ၂၁။ | ဒေါ်ဓမ္မဒိန္နာ BA.B Student | ၁,၀၀,၀၀ |
| ၂၂။ | ဦးကံညွန့်+ဒေါ်ဝင်းကြည် မိသားစု(ရန်ကင်း) | ၁,၀၀,၀၀ |
| ၂၃။ | မောင်မင်းမင်းသိုက်+မနှင်းခက်မော် မိသားစု | ၁,၀၀,၀၀ |
| ၂၄။ | ဦးဝင်းဖေသန်း+ဒေါ်ခင်မြတ်နွယ်၊ သား-မောင်ဝေဖြိုးသန်း မိသားစု(ရန်ကင်း) | ၁,၀၀,၀၀ |
| ၂၅။ | မကြေးမုံဝင်းထွဋ်၊ မောင်ရဲမာန်ဝင်းထွဋ် မောင်နမ | ၅၀,၀၀ |
| ၂၆။ | ကိုကျော်မြင့်+ဒေါ်ခင်အေးခိုင် မိသားစု။ | ၅၀၀၀ |